www.burmeseclassic.com

# အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပါရမီဖြည့်ဖက်တို့၏ ဘဝပုံရိပ်များ

မောင်စိမ်းလန်း (ရာမည)

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတစ်လျှောက်တွင် လည်းကောင်း၊ ယနေ့ မြန်မာနိုင်ငံ၏ အစိုးရအဖွဲ့ အဆက်ဆက်တွင် လည်းကောင်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးခေါင်းဆောင်ကြီးများမှာ တိုင်းပြည်အတွက် နေ့မအား၊ ညမအား ကြိုးစားလုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ သို့ဖြစ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ ငြိမ်းချမ်းသာယာဝပြောသော အသီးအပွင့်များကို မိမိတို့နိုင်ငံသားများအားလုံး ရရှိခံစားနေထိုင်နိုင်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

တကယ်တော့ နိုင်ငံတာဝန်များကို မြန်မာ့လွတ်လပ်ရေးအတွက် နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ စစ်ရေးခေါင်းဆောင်ကြီးများမှာ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြသူများ စွန့်လွှတ်စွန့်စားခဲ့ကြသူများဖြစ်သည်။

အဆိုပါ နိုင်ငံ့ခေါင်းဆောင်ကြီးများ ရှေ့တန်းမှ တက်ကြွစွာပါဝင်လှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် နောက်ကွယ်မှ ဖြည့်ဆည်းပံ့ပိုးပေးနေကြသူများမှာ ၎င်းတို့၏ကြင်ဖက်သက်လျှာ ပါရမီဖြည့်ဘက်များ၊ မိသားစုဝင်များသာ ဖြစ်ပါသည်။ အဆိုပါ ခေါင်းဆောင်ကြီးများ နေ့မအားညမအား တိုင်းပြည်နှင့် လူမျိုးအတွက် သယ်ပိုးထမ်းရွက်နေချိန်များတွင် မိသားစု၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးမှအစ စားဝတ်နေရေး၊ သားရေးသမီးရေး၊ ပညာရေးအဆုံး အားလုံးသော တာဝန်များကို အဘက်ဘက်မှ ဖြည့်ဆည်းပေးနေကြသူများမှာ ၎င်းတို့၏ ပါရမီဖြည့်ဘက်ဇနီးသည်များသာ ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာ့လွတ်လပ်ရေး ဗိသုကာ မြန်မာသိ ကမ္ဘာသိ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အသက်ပေး ကျဆုံးခဲ့ကြသည့် ဒီးဒုတ် ဦးဘချို၊ သခင်မြ၊ မန်းဘခိုင်၊ ဦးရာဇတ်၊ ဦးဘဝင်းနှင့် မိုင်းပွန်စော်ဘွားကြီးတို့၏ ပါရမီဖြည့်ဘက်ချစ်ဇနီးသည်တို့၏ ခံစားမှုဘဝပုံရိပ်များကို အမှတ်တရ ဆောင်းပါးအဖြစ် စီစဉ်ဖော်ပြလိုက်ရပါသည်။



ဗိုလ်ချုပ်အောင်ဆန်း မိသားစု (၁၉၄၆)

## မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည် (ဗိုလ်ချုပ်၏ ပါရမီဖြည့်ဘက်)

၁

မိမိကိုယ်မိမိ ထင်ပေါ်အောင်မနေချင်သူများထဲတွင် ဗိုလ်ချုပ်၏ ပါရမီဖြည့်ဘက် ဒေါ်ခင်ကြည်တစ်ယောက်လည်း ပါဝင်ပါသည်။ မနားရသလောက် အလုပ်များပြီး ဥရောပနှင့် အိမ်ဦးကြမ်းပြင်ကူးသယ်ခေါက်သယ် သွားနေရသော်လည်း သူ့အလုပ်ကိစ္စကိုမေးလျှင် သာမန်ပါပဲဟုသာ ပြောတတ်သည်။

၂

၁၉၅၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုက ဗိုလ်ချုပ်၏ ပါရမီဖြည့်ဘက် ဒေါ်ခင်ကြည်အား "မြန်မာ့မိခင်" ဘွဲ့ကို အပ်နှင်းခဲ့သည်။ ၁၉၅၁ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရက "မဟာသီရိသုဓမ္မ" ဘွဲ့ကို ချီးမြှင့်သည်။ ၁၉၅၅ ခုနှစ်တွင် ယူဂိုဆလား ဗီးယားနိုင်ငံမှ "ယူဂိုဆလပ်ကြယ်" နှင့် ထိုင်းနိုင်ငံမှ "ဘုရင်မြင့်မြတ်သော ဘွဲ့တံဆိပ်တော်" တို့ကို အပ်နှင်းခံခဲ့ရသည်။ ၁၉၆၀ ပြည့်နှစ် ဇူလိုင်လမှစ၍ ယနေ့တိုင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးနှင့် တစ်ဦးတည်းသော အမျိုးသမီး သံအမတ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် အငြိမ်းစား ယူခဲ့သည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် တက္ကသိုလ်ရိပ်သာလမ်း နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး ကြွင်းကျန်သော ရုပ်ကလာပ်ကို ရွှေတိဂုံဘုရားလမ်းရှိ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဂူဗိမာန်နှင့် သီပေါမင်း မိဖုရားခေါင်ကြီး စုဖုရားလတ် ဂူဗိမာန်တို့ အကြား မြေကွက်လပ်တွင် ဂူဗိမာန် တည်ဆောက်ခဲ့သည်။

၃

"နိုင်ငံရေးဆိုဒါဘာလဲ၊ တိုင်းပြည်ကိစ္စ ဗိုလ်ချုပ်လုပ်ခဲ့တယ်၊ ခုလဲ သူ့ လက်ငုတ်ဖြစ်တဲ့ လူထုကိစ္စကို ကျွန်မ လုပ်နေတယ်" နိုင်ငံရေးမေးခွန်း ပေါ်လာလျှင် ဤသို့ ဒေါ်ခင်ကြည် ပြောတတ်သည်။ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ဇင်းမယ်လုံချည်မှာ သူ့အကြိုက်ဖြစ်၏။ တန်ဖိုးမြင့်သဖြင့် ပုံမှန်ကျ သုံး၍ မဖြစ်နိုင်သောကြောင့် နိုင်လွန်ကို ခြိုးခြံသင့်သလောက် ခြိုးခြံဝတ်ရှာသည်။

၄

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသဖြင့် လစ်လပ်သွားသော ပါလီမန်အမတ်နေရာတွင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်သည် အောင်မြင်စွာ အရွေးခံခဲ့သည်မှအစ နိုင်ငံ့အရေးအရာတွင် ကာယကံမြောက် ပါဝင်ခဲ့သည်။

၅

"သာယာမှုဆိုတာ အိမ်မှာပဲရှိတယ်၊ အောင်ဆန်းဦးတို့ အဖေ ရှိစဉ်တုန်းကလဲ သည်အိမ်၊ သည်ခြံ၊ သည်ဝင်း၊ သည်သား၊ သည်သမီး၊ သည်မယားနဲ့ပဲ နားရက် နားချိန်ကလေးမှာ အပျော်ရွှင်ဆုံး နေခဲ့တယ်" မျက်စိတဆုံး စိမ်းလန်းသော သစ်ပင်များကို ကြည့်ရင်း ပြန်ပြောပြရှာသည်။

## ဒေါ်ခင်ညွန့် (ဝန်ကြီးသခင်မြ၏ ပါရမီဖြည့်ဘက်)

ဝန်ကြီးသခင်မြ၏ ပါရမီ ဖြည့်ဘက် ဒေါ်ခင်ညွန့်သည် သာယာဝတီ ဝတ်လုံတော်ရ ဦးဘကျော်၊ ဒေါ်စိန်တို့၏ သမီးဖြစ်သည်။

"ဆရာမြတို့သာရှိရင် တိုင်းပြည်ဟာ ဘယ်မှာ ကယောင်ချောက်ချားဖြစ်ပါ့မလဲ။ ရွေးကောက်ပွဲဆိုရင်လည်း လွတ်လပ်ရေးရပြီး ၁၈ လအတွင်းမှာ ကျင်းပနိုင်မှာ မုချပဲ" ဒေါ်ခင်ညွန့်သည် သူ့ယုံကြည်ချက်တို့ဟော ဟောဒိုင်းဒိုင်း ဖွင့်ဟပြောဆိုခဲ့သည်။ "ဟဲ့ ... မြရဲ့ ... ငါ့ကို တစ်ယောက်တည်း ထားခဲ့တော့မှာလား" ဟု ရင်ထုမနာ ဟစ်ကြွေးခဲ့သည်။

"ဆရာမြဟာ အင်မတန်စိတ်ကောင်းရှိပါတယ်ကွယ်၊ အနာခံစရာရှိရင် သူသာ အနာခံခဲ့မယ့် လူစားပဲ၊ ဘယ်ကလောက်များအေးသလဲဆိုရင် အစားအစာမှာဆိုရင်တောင် ချိုချိုအေးအေးကလေးသာ ကြိုက်တယ်၊ ဘယ်တော့မှ ကြမ်းကြမ်းတမ်းတမ်း မစားတတ်ဘူး၊ တကယ်ဆိုတော့ မြဟာ လူထုအကျိုးဆောင် သက်သက်ပါပဲ" ဒေါ်ခင်ညွန့်သည် မျက်နှာလွှဲခဲ့သူ၏အကြောင်းကို တယုတယ ပြောဆိုခဲ့သည်။

"သူ့ခြေရာနင်းပြီး နိုင်ငံရေးလုပ်ချင်တဲ့ အာသာတော့ ရှိတယ်၊ ကိုယ်ကတော့ မပါနိုင်ဘူး"သူသည် ဟုတ်မှန်ရာကို ဝန်ခံခဲ့ဖူးသည်။ ဒေါ်ခင်ညွန့်သည် ဘွင်းဘွင်းရှင်းရှင်းနှင့် ပါလီမန်အမတ်လည်းဖြစ်ခဲ့သည်။ "ဗမာသခင် ပေါ်စကတည်းက နိုင်ငံရေးလုပ်လာတာ၊ ဆိုရှယ်လစ်ဘဝကျမှ လူရော ပစ္စည်းရောကုန်ပါရော၊ အဲ..ဟို...စာအုပ်စင်ကလွဲလို့ ဘာဆိုဘာမှ မကျန်ခဲ့ဘူး၊ ခုနေနေရတဲ့အိမ်တောင် အပိုင်လို့မျှား မထင်လိုက်ပါနဲ့၊ အိမ်ငှားကွဲ့ အိမ်ငှား"

## ဒေါ်ခင်နီ (ဝန်ကြီးမန်းဘခိုင်၏ပါရမီဖြည့်ဘက်)

ပဲခူးမှ ကုန်သည်ကြီး ဦးအဖောက်၊ ဒေါ်သိန်းတင်တို့၏ သမီးထွေး ဖြစ်ပြီး ၁၉၃၇ ခုနှစ်တွင် မန်းဘခိုင်နှင့် အကြောင်းပါခဲ့သည်။

"မောင်ဟာ နိုင်ငံရေး မျိုးရိုးထဲက မဟုတ်ဘူး၊ ကုန်သည်ကြီးပိုင်းကပဲ၊ ဂျပန်ခေတ်ကျမှ အောင့်အီးသည်းခံမနေနိုင်လွန်းလို့ နိုင်ငံရေး ဝင်လုပ်တယ်၊ မောင်ဟာ ရိုးရိုးနဲ့ အေးအေးဘဲ၊ ပွဲလမ်းသဘင်လည်း ဝါသနာမပါဘူး၊ အားအားရှိ စာပဲဖတ်နေတယ်၊ ကျန်းမာရေးဆိုလည်း ဂရုစိုက်လိုက်တာ၊ သားငါးက ဘယ်လောက်စားရမယ်၊ ဟင်းသီးဟင်းရွက်က ဘယ်လောက် ပိုစားရတယ်၊ အအိပ်အနေက ဘယ်လိုအချိန်ထားရတယ်နဲ့ အဲသလောက် ကျန်းမာရေးကို ဂရုစိုက်တယ်။ ကွမ်းမစား ဆေးမသောက်တဲ့ မောင်ပါ။ ကျန်းလည်း ကျန်းမာပါရဲ့၊ အဲသလောက်ကျန်းမာတဲ့ မောင်တစ်ယောက် အသေစောရှာမယ်လို့ ဘယ်သောအခါမှ မတွေးမိခဲ့ဘူး။ ဖဆပလ အလုပ်တွေ များလွန်းလို့ နေ့မအား ညမအားရှိတာတောင်မှ ဖျားတယ်၊ နာတယ်၊ နေမကောင်းဖြစ်တယ်လို့ တစ်ခါမှ ပြောသံတောင်မကြားဖူးဘူး"ဒေါ်ခင်နီသည် အဖြစ်ဟောင်းကို လွမ်းတသသနှင့် ဖြည်းဖြည်းချင်း ပြောပြရှာသည်။

"နိုင်ငံရေးလည်း စိတ်မကူးမိပါဘူး၊ ဝန်ကြီးချုပ်ကိုယ်တိုင်လာပြောတော့ ကိုယ်မတတ်တဲ့အလုပ်မို့ အားတောင့်အားနာနဲ့ ဘဲငြင်းခဲ့ရပါတယ်၊ မောင်တို့တစ်သိုက်ဟာ လူတော်တွေချည်းပဲ"

ဒေါ်ခင်နီသည် အာဇာနည် ခေါင်းဆောင်ကြီးများကို အောက်မေ့ တသသနှမြောစိတ်ဖြင့် ပြောပြရှာခဲ့သည်။

"အစ်မကြီးအဖို့တော့ နေ့နဲ့အမျှ မောင့်အတွက်ပဲ ကုသိုလ်ပြု အမျှအတန်း ဝေနေရတာပါပဲ၊ မောင့်အဖို့ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်ဆိုးမျိုး နောက်ဘဝအဆက်ဆက်မှာ မဖြစ်စေရအောင် တတ်နိုင်သရွေ့ အစ်မကြီးကတော့ ကုသိုလ် ဆက်ပေးနေရတာပါပဲ၊ မောင်တို့ကို အာဇာနည်ကုန်းမှာ ဂူသွင်းပြီးတဲ့နေ့ကစပြီး ယနေ့အထိ တစ်နေ့မှအပျက်အကွက်မရှိဘဲ လစဉ် လစဉ် ၁၉ ရက်နေ့တိုင်းမှာလည်း သက်စေ့သံဃာ ၄၅ ပါးကို ဆွမ်းကျွေးပါတယ်။ မျက်နှာသုတ် ပဝါလည်း သက်စေ့လှူပါရဲ့၊ မောင့်အဖို့ရည်စူးပြီး သမ္မတကြီးကိုယ်တိုင် ဦးစီးပြီး ဝိုင်အမ်စီအေက ကျင်းပတဲ့ စာပြန်ပွဲမှာ နှစ်စဉ်ပဲ "မန်းဘခိုင်"ဆုဆိုပြီး ပေးပါတယ်၊ အစ်မကြီး အလုပ်ကတော့ ကုသိုလ်ရေး သက်သက်ပါပဲ၊ ဇူလိုင် ၁၉ ရက်နေ့ဆိုရင် မောင်ကြိုက်တဲ့ မုန့်ဟင်းခါးနဲ့ ဒန်ပေါက်ကို အလှည့်နဲ့ လဲပြီး သက်စေ့ ဆွမ်းကပ်ခဲ့တယ်။ ဒီအပတ်တော့ ဒန်ပေါက်ဆွမ်းကပ်ဖို့ အလှည့်ပါပဲ" ဒေါ်ခင်နီလို မယားကားရှာမှရှားပါတော့သည်။

"ခင်ရေ မောင်တို့တော့ လွတ်လပ်မှ အနားယူကြပါစို့ကွယ်၊ မဆုံးခင် ညက မောင်က ပြောသေးတယ်၊ ခုတော့ မလွတ်လပ်ခင်ကဘဲ အနားယူသွားတယ်နော်" ဒေါ်ခင်နီခမျာ မျက်ရည်ရွဲရွဲနှင့် မချိတင်ဘဲ ပြောပြခဲ့ရှာသည်။ ဒေါ်ခင်နီခမျာ အရိုးခံ သက်သက် သစ္စာရှင်တစ်ဦးဖြစ်ပေသည်။

## ဒေါ်ခင်စော (ဝန်ကြီးဦးဘဝင်း၏ပါရမီဖြည့်ဘက်)

ဒေါ်ခင်စောမှာ တော[illegible]တွင်းကြီး အမိန့်တော်ရ ဦးအုံ၊ ဒေါ်[illegible]မေတို့၏ သမီး ဖြစ်သည်။

www.burmeseclassic.com

